
# ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း အမျိုးသမီးများဆိုင်ရာ အချက်အလက်

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့် အချိန်မှစတင်ပြီး မြန်မာ့လူထုများသည် အကြမ်းမဖက်သည့်နည်းနှင့်သော်လည်းကောင်း လက်နက်ကိုင် တော်လှန်ရေးဖြင့်သော်လည်းကောင်း အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသည်မှာ (၃)နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ တစ်ခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် နေ့စဉ်နှင့်အမျှအသက်ဆုံးရှုံးနေရသည်။ ယခုဖော်ပြပါအချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်ကောက်ယူထားပြီး ပြန်လည်စုစည်းတင်ပြထားခြင်းဖြစ်သည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိနေဆဲဖြစ်သောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

| | သေဆုံးသူ | ထိခိုက်ဒဏ်ရာရရှိသူ |
|---|---|---|
| လက်နက်ကြီး ပစ်ခတ်မှု | ၃၀ | ၂၇ |
| တိုက်ပွဲကြား ကျည်ထိမှန်မှု | ၂ | - |
| လေကြောင်းတိုက်ခိုက်ခံရမှု | ၂၆ | ၁၅ |
| ပစ်သတ်ခံရမှု | ၆ | ၂ |
| သတ်ဖြတ်ခံရမှု | ၄ | - |
| မုဒိမ်းပြုကျင့်ခံရမှု | - | ၁ |
| မြေမြှုပ်မိုင်း | ၂ | ၁၁ |
| ထောင်တွင်းရိုက်နှက်ခံရမှု | - | ၁ |
| ဗုံးပေါက်ကွဲမှု | - | ၂ |
| စုစုပေါင်း | ၇၀ | ၅၉ |


သတင်းမီဒီယာများမှ မြန်မာ့အမျိုးသမီးသမဂ္ဂမှ အချက်အလက် စောင့်ကြည့်လေ့လာ ကောက်ယူမှုများ အရ ၂၀၂၄ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှ (၃၁)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းအမျိုးသမီး (၇၀)ဦး အသက်ဆုံးရှုံးခဲ့သည်။ **ထို့ကဲ့သို့** အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများ နေထိုင်ရာ အိမ်နှင့်ရပ်ရွာတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၃၀)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်မှု**ကြောင်း** (၄)ဦး၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၂၆)ဦး၊ ပစ်သတ်ခံရမှုကြောင့် (၆)ဦး၊ တိုက်ပွဲအတွင်း **ကျည်ထိ**မှန်မှုကြောင့် (၂)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၂)ဦး၊ တို့ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၅၉)ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၂၇)ဦး၊ လေကြောင်းမှဗုံးကြဲမှုကြောင့် (၁၅)ဦး၊ မုဒိမ်းကျင့်မှုကြောင့် (၁)ဦး၊ ပစ်ခတ်ခံရမှုကြောင့် (၂)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁၁) ဦး၊ အကြမ်းဖက် စစ်တပ်၏ ထောက်တိုင် အကျဉ်းထောင် ဝန်ထမ်းများ၏ ရိုက်နှက်မှုကြောင့် (၁) ဦးနှင့် ဗုံးပေါက်ကွဲမှုကြောင့် (၂) ဦး တို့ ဖြစ်ကြသည်။




ဒေသအလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ

မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူမှုအရ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်းမှ (၁၄)ဦး၊ မကွေးတိုင်းမှ (၁၀)ဦးနှင့် မန္တလေးတိုင်းမှ (၉)ဦးတို့အသီးသီး ဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် ဩဂုတ်လအတွင်း အမျိုးသမီး အသက်ဆုံးရှုံးမှု အများဆုံး တိုင်းဒေသကြီးဖြစ်သည်။

## ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း အမျိုးသမီးဖမ်းဆီးခံရမှု အခြေအနေ




မိမိတို့၏ အချက်အလက်ကောက်ယူချက်အရ နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး (၇)ဦးတို့သည် ဩဂုတ်လအတွင်း အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဖမ်းဆီးခံရသူများထဲမှ (၂) ဦးသည် စစ်တပ်၏ ပေါ်တာဆွဲခြင်းကြောင့် ဖမ်းဆီးခံရသူများဖြစ်သည်။ မြေပြင်၌ အမျိုးသမီး ဖမ်းဆီးခံရခြင်း အရေအတွက်သည်ယခုထက်များနိုင်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏အချက်အလက်အရအကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှ ၂၀၂၄ ခုနှစ်ဩဂုတ်လ (၃၁)ရက်နေ့အတွင်း အမျိုးသမီး(၅,၆၄၉) ဖမ်းဆီးခံရပြီး (၄၀၂၉) ဦးအားဆက်လက်ထိန်းသိမ်းထားကြောင်းဖော်ပြထားသည်။ [1]

[1] Assistance Association for Political Prisoners, 31st August 2024. https://web.facebook.com/share/p/BdRuWrqY59nufats/

မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏာန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org